# မာတိကာ


| | စာမျက်နှာ |
|---|---|
| **မော်တော်ယာဉ်များ** | ၇ |
| မော်တော်ယာဉ်များသမိုင်း | ၈ |
| ကမ္ဘာအရပ်ရပ်ရှိ မော်တော်ကားများ | ၁၀ |
| ဘတ်စကားများ | ၁၄ |
| လော်ရီနှင့် အခြားလုပ်ငန်းသုံးယာဉ်များ | ၁၆ |
| ရဲသုံးယာဉ်များ | ၂၁ |
| မီးသတ်ကားနှင့် လူနာတင်ကားများ | ၂၂ |
| ကားတစ်စီး အလုပ်လုပ်ပုံ | ၂၄ |
| ကားတစ်စီး တည်ဆောက်ပုံ | ၂၈ |
| အမြန်လမ်းမများ | ၃၀ |
| ယာဉ်ထိန်းလုပ်ငန်းနှင့် ယာဉ်မှန်းပံထိန်းသိမ်းရေး | ၃၂ |
| မော်တော်ဆိုင်ကယ်များ | ၃၅ |
| ကားပြိုင်ပွဲ | ၃၆ |
| **မီးရထားများ** | ၃၇ |
| ရေနွေးငွေ့စက်ခေါင်းများ | ၃၈ |
| လျှပ်စစ်စက်ခေါင်းများ | ၄၀ |
| ဒီဇယ်စက်ခေါင်းများ | ၄၃ |
| ဒီဇယ်–ကားများ | ၄၅ |
| ခုတ်ရထားများ | ၄၇ |
| နိုင်ငံအသီးသီး၏ လျှပ်စစ်ရထားများ | ၄၈ |
| ခေတ်မီမြန်နှုန်းမြင့်ရထား | ၅၆ |
| ခရီးသည်တင်တွဲများ | ၅၈ |
| ကုန်တွဲများ | ၅၉ |
| အထူးလုပ်ငန်းသုံးရထားများ | ၆၀ |
| ရထားသံလမ်းများ၊ အချက်ပြမီးများနှင့် ရထားတွဲစီဝင်းများ | ၆၁ |
| **သင်္ဘောနှင့် လှေများ** | ၆၃ |
| သင်္ဘောနှင့် လှေများ သမိုင်း | ၆၄ |
| ခရီးသည်တင်သင်္ဘောများ | ၆၆ |
| ကုန်တင်သင်္ဘောများ | ၆၈ |
| အထူးလုပ်ငန်းသုံး သင်္ဘောနှင့် လှေများ | ၇၀ |
| သင်္ဘောကိုယ်ထည် | ၇၂ |
| လှေနှင့် သင်္ဘောများ သွားလာပုံ | ၇၄ |
| တန်ဆာပလာနှင့် တပ်ဆင်ပစ္စည်းများ | ၇၆ |
| သင်္ဘောတည်ဆောက်ရေး လုပ်ငန်း | ၇၈ |
| ဆိပ်ကမ်းများ | ၈၀ |
| ရေကြောင်းပြလုပ်ငန်းနှင့် ပင်လယ်တွင်းလုံခြုံရေး | ၈၂ |
| **လေယာဉ်ပျံများ** | ၈၃ |
| လေယာဉ်များသမိုင်း | ၈၄ |
| ခရီးသည်တင်လေယာဉ်များ | ၈၆ |
| ကုန်တင်လေယာဉ်များ | ၉၀ |
| စစ်လေယာဉ်များ | ၉၁ |
| ရဟတ်ယာဉ်၊ ဗိုတောနှင့် ဂလိုင်ဒါများ | ၉၂ |
| လေယာဉ်တစ်စီး၏ အစိတ်အပိုင်းများ | ၉၄ |
| လေယာဉ်တစ်စီး ပျံသန်းပုံ | ၉၆ |
| လေယာဉ်အင်ဂျင်များ | ၉၈ |
| လေယာဉ်တစ်စီး တည်ဆောက်ပုံ | ၉၉ |
| လေဆိပ်များ | ၁၀၀ |
| **အနာဂတ် ကားများ** | ၁၀၃ |
| **အနာဂတ် သင်္ဘောများ** | ၁၀၆ |
| **အနာဂတ် လေယာဉ်များ** | ၁၀၈ |
| **အနာဂတ် မီးရထားများ** | ၁၁၀ |
| **ဝေါဟာရစာရင်း** | ၁၁၁ |


## အမှာစာ

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ရှိ ကလေးသူငယ်များ ဗဟုသုတ တိုးတက်ပွားများစေရန် ရည်ရွယ်၍ **ကလေးသူငယ်များအတွက် သုတရတနာသိုက်** ဟူသောအမည်ဖြင့် ဤကျမ်းကို ပညာရေးဝန်ကြီးဌာနက စီစဉ်ထုတ်ဝေလိုက်ပါသည်။

အဆိုပါကျမ်း၏မူရင်းမှာ Kodansha ကုမ္ပဏီမှ ဂျပန်ဘာသာဖြင့် ထုတ်ဝေသော ရောင်စုံရုပ်ပုံကျမ်းဖြစ်ပါသည်။ ထိုရုပ်ပုံကျမ်းကိုမှီး၍ Far East Publication International Pte Limited မှ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော The Children's Treasury of Knowledge ကျမ်းကို အဆင့်မြင့်ပညာဦးစီးဌာနနှင့် Time-Life စာအုပ်ကုမ္ပဏီတို့ပူးတွဲ၍ မြန်မာပြန် ကျမ်း တစ်စောင်အဖြစ် ရောက်အောင် ကြိုးပမ်းကြခြင်းဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနက ဤသို့စီစဉ်ထုတ်ဝေရာ၌ နိုင်ငံတော်၏ပညာရေးကို ကမ္ဘာ့ပညာရေးအဆင့်မီစေရန် ကြိုးပမ်းနေသည့်အားလျော်စွာ မြန်မာကလေးသူငယ်များသည် ကျောင်းပြဋ္ဌာန်းစာများအပြင် ပညာရပ်ဆိုင်ရာ အထွေထွေဗဟုသုတများကိုလည်း အလွယ်တကူ ရယူဆည်းပူးနိုင်ကြပါစေဟူသော အာသီသထားရှိပါသည်။

ဤ **သုတရတနာသိုက်** တွင်–

၁။ ယူနီဗာ့ဆ်နှင့် ရာသီဥတု
၂။ အပင်များ
၃။ ကမ္ဘာဦးသက်ရှိများ
၄။ ရေအောက်သက်ရှိများ
၅။ အင်းဆက်ပိုးများ
၆။ တိရစ္ဆာန်များ
၇။ သင်္ချာ
၈။ အီလက်ထရွန်နစ်နှင့် စွမ်းအင်
၉။ ပို့ဆောင်ရေးယာဉ်များ
၁၀။ ဝါသနာပါရာ အပန်းဖြေစရာ

ဟူ၍ ဝိဇ္ဇာသိပ္ပံအသိပညာ အတတ်ပညာ စသည့် သုတရတနာများ ပါဝင်ကြပါသည်။ ထိုသုတရတနာများ သိုမှီးရာဖြစ်သောကြောင့် ကျမ်း၏အမည်ကို **သုတရတနာသိုက်** ဟူ၍ မှည့်ခေါ်ခြင်း ဖြစ်ပါသည်။

ဤကျမ်းကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ မှန်မြတ်သောစေတနာဖြင့် ပြန်ဆိုကြသော ဆိုင်ရာဆိုင်ရာ ပညာရှင်ပုဂ္ဂိုလ်ကြီးများသည် စေ့စပ်သေချာစွာ ပြန်ဆိုစိစစ်ကြပါသည်။ သို့သော် ဘာသာတစ်ခုမှ အခြားဘာသာတစ်ခုသို့ တိတိကျကျ ပြန်ဆိုရန်မှာ မလွယ်ကူလှသော ကိစ္စတစ်ရပ်ဖြစ်ပါသည်။ တစ်ဘာသာနှင့် တစ်ဘာသာမှာ အနက်အဓိပ္ပာယ် အကျယ်အကျဉ်း အနက်အတိမ် စသည့် ခြားနားမှုများရှိမြဲဖြစ်ရာ မူရင်းအဓိပ္ပာယ် တိကျစေရန် အချို့အချို့သော မူရင်းဘာသာစကားလုံးများကို မြန်မာဘာသာသို့ မပြန်ဆိုပဲ အသံမျှသာ ဖလှယ်ထားပါသည်။ ဤသို့ အသံဖလှယ်ထားခြင်းကြောင့် မူရင်းဘာသာစကားနှင့် ရင်းနှီးမှု အကျိုးကိုလည်း ကလေးသူငယ်များ ရရှိနိုင်ပါသည်။

ပညာရှင်များ ယခုသုံးထားသော စကားလုံးများနှင့် အဓိပ္ပာယ်များထက် ပိုမိုကောင်းမွန်သင့်မြတ်သည့် စကားလုံးများ အဓိပ္ပာယ်များကို ဤကျမ်းကို လေ့လာဖတ်ရှုသူများက အကြံပေးစေလိုပါသည်။ ထိုသို့ အကြံပေးချက်များကို လေးလေးစားစား လေ့လာပြီး ဆီလျော်သည့်အချက်အလက်နှင့် စကားလုံးများကို အစားထိုးပြောင်းလဲရန် အသင့်ဖြစ်ပါသည်။

ဤကျမ်းတွင် ပါဝင်သည့် ပညာရပ်ဆိုင်ရာ အထွေထွေဗဟုသုတများကို လိုသလိုရွေးနုတ်၍ ဆည်းပူးနိုင်ကြပါသည်။ ကလေးသူငယ်များအတွက်ဟု ဆိုသော်လည်း ဤကျမ်းကို ဖတ်ရှုလေ့လာခြင်းဖြင့် ကလေးလူကြီးမရွေး ဗဟုသုတပွားများ၍ အသိဉာဏ်များ ပိုမိုအားကောင်းလာကြမည်။ ထို့ထက် တစ်ဆင့်တက်၍ သိလိုစိတ် စူးစမ်းရှာဖွေလိုစိတ်နှင့် သုတပွားလိုစိတ်များ ဆက်ကာဆက်ကာ ဖြစ်ပေါ်လာကြပါက ဤကျမ်းထုတ်ဝေရခြင်း၏ရည်ရွယ်ချက်အောင်မြင်သည်ဟု မှတ်ယူရပေမည်။

ပညာရေးဝန်ကြီးဌာန